British Chamber of Commerce
Myanmar

**သတင်းထုတ်ပြန်ချက်**
**ဇွန် ၁ ရက် ၂၀၁၆**

**ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ) က အမှတ်စဉ် ၂၀၀ မြောက် အသင်းဝင်ကုမ္ပဏီ ကို လက်ခံကြိုဆို**

ဗြိတိသျှကုန်သည်ကြီးများအသင်းသည် Strategy First အား အမှတ်စဉ်၂၀၀ မြောက် အသင်းဝင် ကုမ္ပဏီ အဖြစ်လက်ခံကြိုဆိုရင်း ၎င်း၏ အသင်းဝင် ၂၀၀ ပြည့်မြောက်မှုအတွက် ဂုဏ်ယူဝမ်း မြောက်မိပါသည်။

ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ) ကို ၂၀၁၄ခုနှစ် ဇူလိုင်တွင် တည်ထောင်ခဲ့ပြီး မြန်မာ နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို အသင်းဝင်များအဖြစ် ပါဝင်စေသည့် အရေးပါသော အဖွဲ့အစည်း တစ်ခု ဖြစ်လာပါသည်။ အသင်းကြီးသည် မြန်မာနိုင်ငံရှိ လုပ်ငန်းလုပ်ကိုင်နေ သူများအတွက် တန်ဖိုးမဖြတ်နိုင်မှုကို သက်သေပြသလျက်ရှိသည့် ဂုဏ်သိက္ခာရှိသော ထင်ရှား တက်ကြွသည့် ကွန်ယက်ဖြစ်ပါသည်။ အသင်းကြီးသည် မြန်မာနိုင်ငံတွင် အခြေပြုပြီး အစိုးရနှင့် ပြည်တွင်းလုပ်ငန်း များကြား ခိုင်မာသည့်ဆက်ဆံရေးတည်ဆောက်လျက်ရှိပါသည်။

ဗြိတိသျှကုန်သည်ကြီးများအသင်းအပေါ် ပြည်တွင်းနှင့် ပြည်ပမှ စီးပွားရေးလုပ်ငန်းများက အလွန် စိတ်ဝင်စားလျှက်ရှိပြီး အသင်းကြီးသည် အသင်းဝင်ကုမ္ပဏီများနှင့် ဈေးကွက်ဝင်ရောက်ရှာဖွေသူ များအတွက် အရေးပါသည် ရင်းမြစ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် (သို့) ယူကေနှင့် ကုန်သွယ်မှု တည်ဆောက်ပြီးသူများ (သို့) ထိုသို့တည်ဆောက်ရန် စိတ်ပါဝင်စားသည့် ယူကေ ကုမ္ပဏီများနှင့် ယူကေမှ မဟုတ်သော အခြားမည်သည့် ကုမ္ပဏီ မဆိုအသင်းသားအဖြစ် ပါဝင်နိုင်ပါသည်။

Strategy First Institute သည် မြန်မာနိုင်ငံရှိ လူသိများထင်ရှားသော၊ စီးပွားရေးပညာသင်ကြား သည့် သင်တန်းကျောင်းများအနက် တစ်ခုဖြစ်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် စီးပွားရေး လုပ်ဆောင်မှု ကျွမ်းကျင်မှုများသင်ကြားပေးရန်အလို့ငှာ စွန့်ဦးလုပ်ငန်းရှင်များသင်တန်း ၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်ရှာဖွေမှုသင်တန်းများ ပို့ချလျှက် ရှိပါသည်။

ယခုလက်ရှိတွင် အဆိုပါသင်တန်းကျောင်း၌ သင်တန်းတက်ရောက်နေသောကျောင်းသား / သူ ၂၅၀၀ ကျော်ရှိပြီး ကျောင်းသားဟောင်း ၅၀၀၀ ကျော် ရှိပါသည်။ အဆိုပါသင်တန်းကျောင်းတွင် ကျောင်းသားအရေအတွက် ၂၆၀% ကျော် တိုးတက်ရရှိခဲ့ပြီး ကျောင်းသားအများစုသည် လုပ်ငန်းခွင်တွင် စီမံခန့်ခွဲသူများဖြစ်ကြပါသည်။

Strategy First Institute သည် Edinburgh Business School (Heriot-Watt University)၊ Chartered Institute of Marketing ၊ Institute of Commercial Management ၊ Association

of Business Executives နှင့် NCC Education အပါအဝင် ယူကေမှ သင်တန်းပို့ချသူများ၊ ပညာရေးအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ထားသည့် မိတ်ဖက် သင်တန်းကျောင်းဖြစ်ပါသည်။

**Strategy First Institute မှ တည်ထောင်သူ နှင့် ဒါရိုက်တာ ဦးအောင်ချစ်ခင်က**
" ကျွန်တော်တို့ရဲ့သင်တန်းကျောင်းအနေနဲ့ အမှတ်စဉ် ၂၀၀ မြောက် အသင်းသားဖြစ်ရတာ ဂုဏ်ယူပါတယ်။ ယူကေမှ သင်တန်းကျောင်းများနဲ့ချိတ်ဆက်ပြီး အောင်မြင်တဲ့လက်တွဲလုပ်ဆောင်နိုင်မှုတွေကို ဖော်ဆောင်ရင်း အသင်းကြီးကနေတဆင့် ကျွန်တော်တို့ရဲ့ စီးပွားရေးသင်တန်းတွေကို တိုးမြှင့်နိုင်ဖို့နဲ့ မြန်မာနိုင်ငံက ကျောင်းသား ကျောင်းသူတွေအတွက် ဗြိတိသျှ ပညာရေး အဖွဲ့ အစည်းများနဲ့ ပိုမိုချိတ်ဆက်ပြီး ၎င်းတို့ရဲ့သင်တန်းတွေ (သို့) အရည်အသွေးမြှင့်တင်မှုတွေကို ပို့ချ နိုင်ဖို့ မျှော်လင့်ပါတယ်။ အသင်းကြီးနဲ့ချိတ်ဆက်ပြီး မြန်မာနိုင်ငံမှာရော နိုင်ငံတကာမှာပါ ကျွန်တော် တို့သင်တန်းကျောင်းရဲ့ပုံရိပ်ကို ပိုမိုမြှင့်တင်သွားမှာပါ" ဟု ဆိုပါသည်။

**ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ) ၏ ဥက္ကဋ္ဌဖြစ်သူ Peter Beynon က**
" အသင်းဝင် ၂၀၀ ပြည့်မြောက်ခြင်းက ကျတော်တို့အသင်းကြီးအတွက် နောက်ထပ်အောင်မြင်မှု မှတ်တိုင်တစ်ခုပါပဲ။ ကျတော်တို့ရဲ့ကွန်ယက်က Strategy First Institute ပါဝင်လာမှုကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ Strategy First Institute က ယူကေ - မြန်မာ ပူးပေါင်းမှုရဲ့ ကောင်းမွန်တဲ့ ဥပမာတစ်ခုဖြစ်ပြီး နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီတဲ့အနေနဲ့ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ အနာဂတ် စီးပွ ားရေး ခေါင်းဆောင်တွေ မွေးထုတ်လေ့ကျင့်သင်ကြားပေးနေတဲ့ သင်တန်းကျောင်းတစ်ခုဖြစ်ပါတယ်" ဟု ပြောပါသည်။

**အယ်ဒီတာမှတ်စု**

**ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ)**
ဗြိတိသျှကုန်သည်ကြီးများအသင်းတွင် အသင်းဝင် ကုမ္ပဏီ ၂၀၀ ရှိပြီး အထင်ကရ မြန်မာ ၊ ဗြိတိသျှ၊ အာဆီယံနှင့် ဥရောပလုပ်ငန်းကြီးများ ပါဝင်ပါသည်။ အသင်းကြီးသည် စီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသူများ ပုံမှန် တွေ့ဆုံနိုင်ရန် ချိတ်ဆက်ပေးခြင်း၊ မြန်မာနိုင်ငံ တွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် သိသင့်သိထိုက်သည့် အချက်အလက်များကို အချိန်နှင့်တပြေးညီ ဖော်ပြပေးခြင်း၊ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်လိုသည့် စျေးကွက်ရှာဖွေသူ များအနေဖြင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအတွက် အကြံပြုပေးခြင်းတို့ကို လုပ်ဆောင်လျှက်ရှိပါသည်။ အသင်းကြီးသည် မြန်မာနိုင်ငံတွင် ဗြိတိသျှကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမို ပွင့်လင်းလာစေရန်အလို့ငှာ ယူကေကုမ္ပဏီများအတွက် အခွင့်အရေးကောင်းများမြှင့်တင်ဆောင်ယူပေးပြီး စျေးကွက်ဝင်ရောက်မှုဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

အသင်းဝင်ဖြစ်ခြင်းနှင့်ပတ်သတ်ပြီး အသေးစိတ်ကို www.britishchambermyanmar.com တွင် ကြည့်ရှုနိုင်ပါသည်။

**ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ)**
လေးလွှာ
အမှတ် ၁၉၂၊ ဗိုလ်မြတ်ထွန်းလမ်း (အလယ်ဘလောက်)
ပုဇွန်တောင်မြို့နယ်
ရန်ကုန်

**Strategy First Institute**

Strategy First Institute သည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင်တည်ရှိသည့် စီမံခန့်ခွဲမှု သင်တန်းကျောင်းဖြစ်ပြီး ၂၀၁၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် တည်ထောင်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရာတွင် တတ်သိကျွမ်းကျင်ရန်လိုအပ်သည့် သင်ခန်းစာများပါဝင်သည့် စွန့်ဦး လုပ်ငန်းရှင်များ သင်တန်း ၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်ရှာဖွေမှုသင်တန်းများ ပို့ချလျှက် ရှိပါသည်။ ကျောင်းသားအများစုသည် လုပ်ငန်းခွင်တွင် စီမံခန့်ခွဲသူများဖြစ်ကြပါသည်။ ယခုလက်ရှိတွင် အဆိုပါ သင်တန်းကျောင်း၌ သင်တန်းတက်ရောက်နေသောကျောင်းသား / သူ ၂၅၀၀ ကျော်ရှိပြီး ကျောင်းသားဟောင်း ၅၀၀၀ ကျော် ရှိပါသည်။ ကျောင်းသားများ၏ ၉၀ % သည် လုပ်ငန်းခွင်တွင် စီမံခန့်ခွဲသူများဖြစ်ပြီး ၁၀% သာလျှင် တက္ကသိုလ်မှ ဘွဲ့ရပြီးခါစများဖြစ်ပါသည်။

Strategy First Institute
အမှတ်၈ ၊ မြေညီထပ်
ပန်းခြံတာဝါ
ဘားဂရာလမ်း
မြေနီကုန်း
စမ်းချောင်းမြို့နယ်
ရန်ကုန်
မြန်မာ

အသေးစိတ်ကို www.strategyfirstinstitute.com တွင် ကြည့်ရှုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက  stephanie@britishchambermyanmar.com သို့ဆက်သွယ် မေးမြန်းနိုင်ပါသည်။